(၁၉၈၄) ခုနှစ်တွင် ပြည်နယ်ဖွံ့ဖြိုးရေးအတွက်ဟုဆိုကာ မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ဆင်ရွာကျေးရွာ ကျုံကနင်ကွင် ဦးပိုင်အမှတ်(၁၅၆/၄) အပါအဝင် ကွင်းအမှတ်(၉၆၃) ရှိ လယ်ယာမြေ(၂၀၀) ဧကအား တပ်မတော်မှ သိမ်းဆည်းခဲ့ပြီး ပ.လ.ဖမှ သီဟိုပင်များစိုက်ပျိုးခဲ့ရာ မအောင်မြင်သဖြင့် ဆက်လက်လုပ်ကိုင်ခြင်း မရှိဘဲ စွန့်ပစ်ထားခဲ့ကာ (၁၉၈၅)ခုနှစ်မှ ၂၀၁၁ခုနှစ်အထိ မြေလွတ်မြေရိုင်းသဖွယ်စွန့်ပစ်ထားခဲ့သည်။ ယင်းကျေးရွာတွင် လုပ်ကိုင်စားသောက်ခဲ့သော တောင်သူများသည် ယင်းကဲ့သို့ မြေသိမ်းခြင်းများကြောင့် အလုပ်လက်မဲ့များဖြစ်ပြီး စီးပွားရေးများကျပ်တည်းလျက်ရှိသည်။

ထို့ကြောင့် နိုင်ငံတော်သမ္မတကြီး၏ ကောင်းမွန်သော အစိုးရတစ်ရပ် သန့်ရှင်းသော အစိုးရ တစ်ရပ်ဖြစ်စေရေးအတွက် လမ်းညွှန်အကောင်အထည်ဖော်ဆောင်ရွက်နေသော ကျေးလက်ဒေသ ဖွံ့ဖြိုးရေး၊ ဆင်းရဲမွဲတေမှုလျှော့ချရေး ဦးတည်ချက်များကို အလေးထားပြီး မြေမဲ့၊ ယာမဲ့ အလုပ်အကိုင် အခွင့်အလမ်း ရှားပါးမှုကြောင့် မိသားစု စားဝတ်နေရေးအတွက် လွန်စွာ ဒုက္ခရောက်ရပြီး ပြည်သူ့လွှတ်တော်နာယကကြီးနှင့် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးနှင့် နိုင်ငံတော်အကြီးအကဲများ၏ ထုတ်ပြန်သော ကြေညာချက်များကို တန်ဖိုးထားကာ အသိမ်းဆည်းခံလယ်ယာမြေများ ပြန်လည်ရရှိနိုင်စေရန် အတွက် ဥပဒေမဲ့ လယ်ယာမြေ သိမ်းဆည်းခံရသော ဆင်ရွာကျေးရွာသူ ကျေးရွာသား(၃၀)ခန့်သည် ဆင်ရွာကျေးရွာ၊ ပေါင်မြို့နယ် ကျေးရွာမြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ၊ ပေါင်မြို့နယ်၊ မြို့နယ်မြေအသုံးချမှု စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ၊ သထုံခရိုင် ခရိုင်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌ ၊ နေပြည်တော် ကာကွယ်ရေး ဦးစီးချုပ်ရုံး ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်၊ နေပြည်တော် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ဗဟိုမြေအသုံးချရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဉာဏ်ထွန်း ၊ နေပြည်တော် စစ်ထောက်ချုပ်ရုံး စစ်ထောက်ချုပ် ဗိုလ်ချုပ်မင်းနိုင် ၊ နေပြည်တော် ပြည်သူ့လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီ ဥက္ကဋ္ဌ၊ နေပြည်တော် ပြည်သူ့လွှတ်တော် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုစုံစမ်းစစ်ဆေးရေးကော်မရှင် ဥက္ကဋ္ဌ တို့အား ၂၀၁၄ ခုနှစ် ဧပြီလက တင်ပြတောင်းဆိုထားသည်။